ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အမျိုးသားပညာရေးမူဝါဒကော်မရှင်

ပါမောက္ခချုပ်များကော်မတီ

# မြန်မာနိုင်ငံတက္ကသိုလ်များ သုတေသနညီလာခံ(၂၀၁၉)

# ကျင်းပပြီးစီးမှုနှင့် အားသာချက်၊ အားနည်းချက်များဆိုင်ရာ

# စာတမ်း

(၁၆-၁၀-၂၀၁၉ ရက်နေ့မှ ၁၇-၁၀-၂၀၁၉ ရက်နေ့အထိ)

MICC-2 နေပြည်တော်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ညီလာခံကျင်းပရခြင်းရည်ရွယ်ချက်များ | ၁ |
| ၃။ | ညီလာခံကျင်းပရန်စီမံခြင်း | ၁ |
| ၄။ | ညီလာခံကျင်းပခြင်း | ၃ |
| ၅။ | သုတေသနစကားဝိုင်းကျင်းပခြင်း | ၃ |
| ၆။ | ညီလာခံကျင်းပခြင်းမှ ရရှိသော အကျိုးကျေးဇူးများ | ၅ |
| ၇။ | ညီလာခံ၏ အားသာချက်၊ အားနည်းချက်များ | ၅ |
| ၈။ | နိဂုံး | ၆ |

## မြန်မာနိုင်ငံတက္ကသိုလ်များသုတေသနညီလာခံ(၂၀၁၉) ကျင်းပပြီးစီးမှုနှင့် အားသာချက်၊ အားနည်းချက်များဆိုင်ရာစာတမ်း

**ဒေါက်တာထင်ဇော်စိုး၊ ပါမောက္ခချုပ်(ငြိမ်း)၊ အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)**

**နိဒါန်း**

၁။ မြန်မာနိုင်ငံအမျိုးသားပညာရေးမူဝါဒကော်မရှင်သည် ပညာရေးဆိုင်ရာမူဝါဒလုပ်ငန်းများကို အစဉ်တစ်စိုက်ဆောင်ရွက်လျက်ရှိရာ ပညာရေးနှင့်အတူ ဒွန်တွဲနေသော သုတေသနဖွံ့ဖြိုးတိုးတက်ရေးသည်လည်း နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုသည်ဖြစ်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၏ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၏ သုတေသနဆောင်ရွက်သော အလေ့အကျင့်ကောင်းများ တိုးတက်လာစေရန် အထူးလိုအပ်ပါသည်။ ထို့ကြောင့် ကော်မရှင်မှ ကြီးမှူးပြီး ပါမောက္ခချုပ်များကော်မတီက ဦးဆောင်လျက် မြန်မာနိုင်ငံတက္ကသိုလ်များ သုတေသန ညီလာခံတစ်ရပ် ကျင်းပရန်လိုအပ်လာပါသည်။

**ညီလာခံကျင်းပရခြင်းရည်ရွယ်ချက်များ**

၂။ ညီလာခံကျင်းပရခြင်းရည်ရွယ်ချက်များမှာ-

(က) တက္ကသိုလ်အသီးသီးရှိ သုတေသီများ သုတေသနစာတမ်းဖတ်ကြားတင်သွင်းခြင်းဖြင့် သုတေသနရလဒ်များကို မျှဝေရန်၊

(ခ) တက္ကသိုလ်ရှိ သုတေသီများအချင်းချင်း အတွေ့အကြုံအမြင်များ ဖလှယ်ခြင်းဖြင့် အရည်အသွေး ပိုမိုကောင်းမွန်သော အသုံးချသုတေသနများ တိုးတက်ဆောင်ရွက်နိုင်ရန်၊

(ဂ) တက္ကသိုလ်များတွင် သုတေသနဆောင်ရွက်တတ်သည့်အလေ့အကျင့်ကောင်းများ ပိုမိုတိုးတက်လာစေပြီး တက္ကသိုလ်၏ အဆင့်အတန်း (Ranking) မြင့်မားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်၊

**ညီလာခံကျင်းပရန်စီမံခြင်း**

၃။ ပါမောက္ခချုပ်များကော်မတီ၊ သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီသည် အမျိုးသားပညာရေးမူဝါဒကော်မရှင်ရုံးတွင် ၁၁-၁၂-၂၀၁၈ နေ့တွင် စတင်ကျင်းပသော လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြီးစီးပြီးနောက် ညီလာခံကျင်းပရေးစီမံချက်ကို စတင်ရေးဆွဲခဲ့ပါသည်။ စီမံချက်တွင် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ၊ သတင်းနှင့်ပြန်ကြားရေးဆပ်ကော်မတီ၊ စာတမ်း စိစစ်ရွေးချယ်ရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာ ချထားရေးဆပ်ကော်မတီ၊ ကျွေးမွေးဧည့်ခံရေးဆပ်ကော်မတီ၊ အကောင်းဆုံးစာတမ်း ရွေးချယ်ရေး ဆပ်ကော်မတီနှင့် ညီလာခံ Programme and Abstract Book နှင့် Proceeding Book ထုတ်ဝေရေး ဆပ်ကော်မတီတို့ ပါဝင်ပါသည်။ စီမံချက်ကို ၄-၂-၂၀၁၉ နေ့တွင် အတည်ပြုခဲ့ပြီး၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့က ၂၃-၅-၂၀၁၉ (ညီလာခံ မကျင်းပမီ တစ်ရက်အလို) အထိ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၉)ကြိမ်ပြုလုပ်ကာ ညီလာခံ

ဖြစ်မြောက်ရေးအတွက် ဆောင်ရွက် ခဲ့ပါသည်။ ညီလာခံ၏ Theme မှာ Nation Building through Quality Research and Innovation ဖြစ်ပါသည်။

၄။ ညီလာခံ၌ ဖတ်ကြားပြသမည့် စာတမ်းများနှင့် ပိုစတာများအတွက် ၂၀-၂-၂၀၁၉ နေ့မှစ၍ website: http://www.nepc.edu.mm/murc2019 တွင်ကြေညာ၍လည်းကောင်း၊ နိုင်ငံပိုင်သတင်းစာနှင့် လူမှုကွန်ယက်စာမျက်နှာမှလည်းကောင်း၊ တက္ကသိုလ်အသီးသီးသို့ email ပေးပို့၍ စာတမ်းအကျဉ်း (Abstract)များကို ဖိတ်ခေါ်ခဲ့ပါသည်။

၅။ လက်ခံရရှိသော စာတမ်းစုစုပေါင်း (၆၃၉)စောင်အနက် Abstract guideline နှင့် ကိုက်ညီသော စာတမ်း(၆၀၂)စောင်ကို ဘာသာရပ်(၉)ခု (ဝိဇ္ဇာဘာသာရပ်၊ သိပ္ပံဘာသာရပ်၊ အင်ဂျင်နီယာဘာသာရပ်၊ စီးပွားရေးဘာသာရပ်၊ ကွန်ပျူတာဘာသာရပ်၊ ဆေးနှင့်နီးနွယ်ဘာသာရပ်၊ ဘာသာစကားယဉ်ကျေးမှုနှင့် အနုပညာဘာသာရပ်၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် သစ်တောဘာသာရပ်နှင့် ဆရာအတတ်ပညာဘာသာရပ်)မှ စာတမ်းစိစစ်ရေးအဖွဲ့ဝင် (Reviewer)(၁၂၄)ဦးက စိစစ်ခဲ့ပါသည်။ ဤသို့စိစစ်ရာတွင် ဘက်လိုက်မှုမရှိစေရေး စာတမ်းစိစစ်ရွေးချယ်ရေး ဆပ်ကော်မတီက Code စနစ်ဖြင့် ပြုလုပ်၍ စိစစ်ရွေးချယ်စေခဲ့ ပါသည်။ သုတေသနစာတမ်းနှင့် ပိုစတာလက်ခံရရှိမှုနှင့် ရွေးချယ်မှုပြဇယား(၁)ကို အောက်တွင် ဖော်ပြ ပါသည်-

**(ဇယား-၁) သုတေသန စာတမ်းနှင့် ပိုစတာ လက်ခံရရှိမှုနှင့် ရွေးချယ်မှုအရေအတွက်ပြဇယား**

| စဉ် | ဘာသာရပ် | စာတမ်းလက်ခံရရှိမှု/ရွေးချယ်မှု | | | | ပိုစတာ လက်ခံ ရရှိမှု |
|---|---|---|---|---|---|---|
| | | စာတမ်း အကျဉ်း လက်ခံရရှိမှု | စာတမ်း အကျဉ်း guidelineနှင့် ကိုက်ညီမှု | စာတမ်း အကျဉ်း အပြီးသတ် ရွေးချယ်မှု | Full Paper ရရှိမှု | |
| ၁ | ဝိဇ္ဇာသိပ္ပံဘာသာရပ် | ၃၆၇ | ၃၃၀ | ၄၉ | ၄၄ | ၂၀ |
| ၂ | အင်ဂျင်နီယာဘာသာရပ် | ၅၄ | ၅၄ | ၂၀ | ၁၆ | ၁၁ |
| ၃ | စီးပွားရေးပညာဘာသာရပ် | ၂၈ | ၂၈ | ၂၀ | ၂၀ | ၅ |
| ၄ | ကွန်ပျူတာဘာသာရပ် | ၆၉ | ၆၉ | ၂၀ | ၁၇ | ၁၁ |
| ၅ | ဆေးနှင့်နီးနွယ်ဘာသာရပ် | ၄၉ | ၄၉ | ၂၀ | ၁၅ | ၁၀ |
| ၆ | ဘာသာစကားယဉ်ကျေးမှု နှင့် အနုပညာဘာသာ | ၁၂ | ၁၂ | ၁၁ | ၁၁ | ၀ |
| ၇ | စိုက်ပျိုးရေး၊မွေးမြူရေး သစ်တောဘာသာရပ် | ၃၄ | ၃၄ | ၂၂ | ၂၂ | ၀ |
| ၈ | ဆရာအတတ်ပညာ ဘာသာရပ် | ၂၆ | ၂၆ | ၁၉ | ၁၇ | ၀ |
| **စုစုပေါင်း** | | ၆၃၉ | ၆၀၂ | ၁၈၁ | ၁၆၂ | ၅၇ |

**ညီလာခံကျင်းပခြင်း**

၆။ ညီလာခံကို ပထမနေ့အဖြစ် ၂၄-၅-၂၀၁၉ နေ့တွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ စတင်ကျင်းပပြီး၊ ဘာသာရပ်(၉)ခုအတွက် သက်ဆိုင်ရာ အခန်း(၉)ခန်းတွင် စာတမ်းဖတ်ကြားမှုများ ပြုလုပ်ပြီး၊ ပိုစတာများကိုလည်း စာတမ်းဖတ်ကြားရာ အခန်းပြင်ပတွင် ပြသထားပါသည်။ ပထမနေ့တွင် စာတမ်းပေါင်း(၁၀၈)စောင်ကို ဖတ်ကြားပြီး ဒုတိယနေ့(၂၅-၅-၂၀၁၉)တွင် စာတမ်း(၇၀)ကို ဖတ်ကြားခဲ့ပါသည်။ ပိုစတာ စုစုပေါင်း(၅၀)ကို ပြသခဲ့ပါသည်။ တက်ရောက်သူဦးရေမှာ ညီလာခံ ပထမနေ့တွင် (၁၄၀၀)ဦးခန့်နှင့် ဒုတိယနေ့တွင် (၁၂၀၀)ဦးခန့်ဖြစ်ပါသည်။

၇။ Full Paper တင်သွင်းပြီး ဖတ်ကြားသောစာတမ်း(၁၆၂)စောင်ကို ဘာသာရပ်(၉)ခုမှ အကဲဖြတ်ပုဂ္ဂိုလ်(Judge)(၄၇)ဦးကဦးစီး၍ စနစ်တကျအမှတ်ပေးကာ ဘာသာရပ်တစ်ခုစီအတွက် အကောင်းဆုံးစာတမ်း(ပထမဆု)နှင့် (ဒုတိယဆု)များကိုလည်းကောင်း၊ ပြသထားသော ပိုစတာများအနက် ဘာသာရပ် တစ်ခုစီအတွက် အကောင်းဆုံးပိုစတာဆု တစ်ဆုစီကိုလည်းကောင်း ရွေးချယ်ခဲ့ပါသည်။

၈။ အကောင်းဆုံးစာတမ်း ပထမဆုအတွက် ငွေသားကျပ် သုံးသိန်း၊ Trophy နှင့် ဆုလက်မှတ်ကိုလည်းကောင်း၊ ဒုတိယဆုအတွက် ငွေသားကျပ် နှစ်သိန်း၊ Trophy နှင့်ဆုလက်မှတ်ကိုလည်းကောင်း၊ အကောင်းဆုံး ပိုစတာဆုအတွက် ဆုလက်မှတ်ကိုလည်းကောင်း သက်ဆိုင်ရာပုဂ္ဂိုလ်များက တစ်ဦးချင်း ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

၉။ စာတမ်းရှင်(၁၆၂)ဦးနှင့် ပိုစတာရှင်(၅၀)ဦးတို့ကို Certificate of Participation ၊ Reviewer (၁၂၄)ဦး သဘာပတိ(၄၈)ဦးနှင့် အကဲဖြတ်ပုဂ္ဂိုလ်(Judge) (၄၇)ဦးတို့ကို Certificate of Appreciation လက်မှတ်များကို ပေးအပ်နိုင်ခဲ့ပါသည်။

**သုတေသနစကားဝိုင်းကျင်းပခြင်း**

၁၀။ ညီလာခံ၏ ဒုတိယနေ့ ၂၅-၅-၂၀၁၉ (နေ့လယ် ၁ နာရီမှ ၃ နာရီအထိ) ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမတွင် (နိုင်ငံတည်ဆောက်၊ ကူထောက်တွဲယှဉ်၊ ဆန်းသစ်တီထွင်၊ သုတေသနတို့စွမ်းအင်) ခေါင်းစဉ်ဖြင့် သုတေသနစကားဝိုင်း တစ်ရပ်ကို ကျင်းပခဲ့ပါသည်၊ ထိုစကားဝိုင်းတွင် အောက်ဖော်ပြပါ ပညာရှင်(၇)ဦးက သက်ဆိုင်ရာခေါင်းစဉ် နယ်ပယ်အလိုက် ဆွေးနွေးခဲ့ပါသည်-

(က) ဒေါက်တာမျိုးကြွယ်
ဥက္ကဋ္ဌ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်
(အကြောင်းအရာ- အဆင့်မြင့်ပညာရေးကဏ္ဍ သုတေသနဆိုင်ရာ ပြဌာန်းချက်များ၊ မူဝါဒ၊ မျှော်မှန်းချက်နှင့် လုပ်ငန်းစဉ်များ)

(ခ) ဒေါက်တာထင်ဇော်စိုး

ပါမောက္ခချုပ်၊ အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)

(အကြောင်းအရာ- တက္ကသိုလ်များ သုတေသနဌာနများ၏ လက်တွေ့သုတေသန အကောင်အထည်ဖော်ဆောင်ရွက်ချက်၊ အားနည်းချက်၊ အားသာချက်များ၊ စိန်ခေါ်မှုများနှင့် အခက်အခဲများ)

(ဂ) ဒေါက်တာဝင်းခိုင်မိုး

ညွှန်ကြားရေးမှူးချုပ်၊ သုတေသနတီထွင်ဆန်းသစ်မှု ဦးစီးဌာန

(အကြောင်းအရာ- နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးရေးသုတေသနဆိုင်ရာ ပြဌာန်းချက်များ၊ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ)

(ဃ) ဒေါက်တာပဒေသာတင်

အကြီးတန်းသုတေသနမှူး၊ အမေရိကန်ပြည်ထောင်စု အမျိုးသား အာကာသသိပ္ပံအဖွဲ့ (NASA)

(အကြောင်းအရာ- နိုင်ငံတကာတက္ကသိုလ်များ၊ သုတေသနဌာနများ၏ သုတေသန ဆောင်ရွက်ချက်များ၊ မဟာဗျူဟာနည်းဗျူဟာ ရန်ပုံငွေထူထောင်ခြင်းနှင့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုး ရေးလုပ်ငန်းစဉ်များ)

(င) ဒေါ်ခိုင်ခိုင်နွယ်

အဖွဲ့ဝင်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)

(အကြောင်းအရာ- ပုဂ္ဂလိက စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် သုတေသန လုပ်ငန်းများ အရေးပါမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးနည်းပညာဆိုင်ရာ အခက်အခဲ၊ စိန်ခေါ်မှုများနှင့် လက်ရှိအခြေအနေ)

(စ) ဒေါက်တာခင်နီနီသန်း

အတွင်းရေးမှူး၊ အမျိုးသားရေအရင်းအမြစ်ဖွံ့ဖြိုးရေးအဖွဲ့

(အကြောင်းအရာ- အစိုးရမဟုတ်သော လူမှုစီးပွားပတ်ဝန်းကျင်အဖွဲ့အစည်းများ အတွက် သုတေသနဆိုင်ရာ လုပ်ငန်းများ အရေးပါပုံ၊ အခက်အခဲများနှင့်စိန်ခေါ်မှုများ)

(ဆ) Ms. Iryna Kychna (Program Manager, EIFL)

(အကြောင်းအရာ- နိုင်ငံတကာသုတေသနဆိုင်ရာ လုပ်ငန်းများဖွံ့ဖြိုးရေး)

(ဇ) ပါမောက္ခဦးမောင်မောင်အေး

တာဝန်ခံ ပါမောက္ခချုပ်(ငြိမ်း)၊ အဖွဲ့ဝင်၊ အမျိုးသားပညာရေး- မူဝါဒကော်မရှင်

(အကြောင်းအရာ- စကားဝိုင်း ညှိနှိုင်းဆောင်ရွက်ရေးမှူး(Moderator)

သုတေသနစကားဝိုင်းသို့ ပရိတ်သတ်(၈၀၀)ဦး ခန့်တက်ရောက်၍ မေးမြန်းချက်များ ကို ပညာရှင်များက ပြန်လည် ဖြေကြားရှင်းလင်းခဲ့ပါသည်)

**ညီလာခံကျင်းပခြင်းမှ ရရှိသော အကျိုးကျေးဇူးများ**

၁၁။ အောက်ဖော်ပြပါ အကျိုးကျေးဇူးများ ရရှိခဲ့ပါသည် –

(က) တက္ကသိုလ်အသီးသီးမှ သုတေသနစာတမ်းရှင်များ သုတေသနရလဒ်များ မျှဝေနိုင်ခြင်း၊

(ခ) သုတေသီအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရစေပြီး သုတေသနများပူးပေါင်း ဆောင်ရွက်နိုင်ခြင်း၊

(ဂ) Young Researcher များအတွက် Motivation တက်စေပြီး Faculty များအတွက် Career Ladder (Promotion) အတွက် အထောက်အကူဖြစ်စေခြင်း

(ဃ) University Ranking တိုးတက်ရေးအတွက် အထောက်အကူပြုခြင်း

(င) သုတေသနစကားဝိုင်း ကျင်းပခြင်းဖြင့် ကဏ္ဍပေါင်းစုံမှ သုတေသနလုပ်ငန်း ဆောင်ရွက်ချက်များသိရှိလာပြီး၊ ရေရှည်တွင် ဘက်စုံသုတေသနလုပ်ငန်းများ ဆောင်ရွက်လာနိုင်ခြင်း

**ညီလာခံ၏ အားသာချက်၊ အားနည်းချက်များ**

၁၂။ အောက်ဖော်ပြပါ အားသာချက်များ ရရှိခဲ့ပါသည် –

(က) ညီလာခံသို့ တင်သွင်းသော သုတေသနစာတမ်းများ စိစစ်ရာတွင် ဘက်လိုက်မှုမရှိစေရေး အတွက် လျှို့ဝှက်နံပါတ်စနစ် (Code System) ကို အသုံးပြုနိုင်ခြင်း၊

(ခ) ညီလာခံသဘာပတိအဖွဲ့ဝင်များ စာတမ်းအကဲဖြတ်ပုဂ္ဂိုလ်များတွင် အတွေ့အကြုံရင့်ကျက်သော တက္ကသိုလ် အငြိမ်းစားပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများ ပါဝင်ခြင်း

(ဂ) ညီလာခံ၏ သဘာပတိအဖွဲ့ဝင်များ စာတမ်းအကဲဖြတ်ပုဂ္ဂိုလ်များ၏ လုပ်ငန်းတာဝန်များကို အချိန်မီရေးဆွဲပေးပို့ခြင်း

(ဃ) အကောင်းဆုံးစာတမ်း၊ ပိုစတာဆုရွေးချယ်ရေး အကဲဖြတ်အမှတ်ပေးစနစ် သတ်မှတ်နိုင်ခြင်း

(င) အကောင်းဆုံးစာတမ်း ပထမနှင့် ဒုတိယဆုရှင်များကို ဆုလက်မှတ်၊ ငွေသားနှင့် Trophy များကိုလည်းကောင်း၊ အကောင်းဆုံးပိုစတာဆုရှင်များကို ဆုလက်မှတ်ကိုလည်းကောင်း၊ ပေးအပ်နိုင်ခြင်း

(စ) စာတမ်းဖတ်ကြားသူများကို Certificate of Participation ကိုလည်းကောင်း၊ စာတမ်းစိစစ်သူ(Reviewer) သဘာပတိ(Chair) နှင့် စာတမ်းအကဲဖြတ်ပုဂ္ဂိုလ်(Judge)များကို Certificate of Appreciation ကို လည်းကောင်းပေးအပ်နိုင်ခြင်း

(ဆ) တက္ကသိုလ်ပေါင်းစုံ ဘာသာရပ်ပေါင်းစုံမှ အဖွဲ့ဝင်များ စုစည်းပူးပေါင်း ဆောင်ရွက်ခဲ့သဖြင့် အနာဂတ်သုတေသနနယ်ပယ်လုပ်ငန်းများအတွက် အခွင့်အလမ်းများ ရရှိသည့်အပြင် အထက်ဖော်ပြပါ အပိုဒ်(၁၁)ပါ အကျိုးကျေးဇူးများ ရရှိနိုင်ခြင်း

(ဇ) မြန်မာနိုင်ငံ၏ အထင်ကရ တက္ကသိုလ်ကြီးဖြစ်သော ရန်ကုန်တက္ကသိုလ်၏ သမိုင်းဝင်မည့် ပထမဆုံးသော မြန်မာနိုင်ငံတက္ကသိုလ်များ သုတေသနညီလာခံ(၂၀၁၉)ကို ကျင်းပနိုင်ခဲ့ခြင်း

၁၃။ အောက်ဖော်ပြပါ အားနည်းချက်များရှိခဲ့ပါသည် –

**စာတမ်း လက်ခံ၊ ပြန်ကြား၊ စိစစ်ရွေးချယ်ခြင်း**

(က) အချို့စာတမ်းရှင်များ ကိုယ်ပိုင် email account မရှိသဖြင့် စာတမ်းပေးပို့၊ ပြန်ကြားရာတွင် အခက်အခဲရှိခြင်း

(ခ) စာတမ်းလက်ခံရာတွင် email ဖြင့်သာ လက်ခံနိုင်ပြီး၊ Web System ကို အသုံးပြုနိုင်မှု မရှိခဲ့ခြင်း

(ဂ) စာတမ်းတင်သွင်း၊ စိစစ်ရေးလုပ်ငန်းများ မြန်ဆန်မှုရှိစေရန် Easy Chair ကဲ့သို့ Conference Management Software System လိုအပ်နေခြင်း

(ဃ) ဘာသာရပ်အလိုက် အယ်ဒီတာအဖွဲ့များ အချိန်မီဖွဲ့စည်းနိုင်မှု မရှိခြင်း

(င) ဘာသာရပ်အလိုက် အဖွဲ့ဝင်များ အချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှု အားနည်းခြင်း

**စာတမ်းဖတ်ကြားရာခန်းမနှင့် ကြိုဆိုနေရာချထားခြင်း**

(စ) ညီလာခံ ကျင်းပရာခန်းမအခန်းများ ကျဉ်းမြောင်းခြင်း

(ဆ) ပိုစတာပြသရာ နေရာကျဉ်းမြောင်းခြင်း

(ဇ) ပိုစတာရှင်များ၏ စာတမ်းအကျဉ်းစာရင်းကို Conference စာအုပ်တွင် ဖော်ပြနိုင်မှုမရှိခြင်း

(ဈ) ပိုစတာရှင်များကို Conference Kit မပေးနိုင်ခြင်း

(ည) ညီလာခံပြင်ဆင်ချိန် နည်းလွန်းခြင်း

(ဋ) ညီလာခံလုပ်ငန်းကော်မတီ ရုံးအဖွဲ့နှင့် ရုံးခန်း သတ်သတ်မှတ်မှတ်မထားရှိနိုင်ခြင်း

**နိဂုံး**

၁၄။ မြန်မာနိုင်ငံ အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ ပါမောက္ခချုပ်များကော်မတီမှ ဦးဆောင်၍ မြန်မာနိုင်ငံတက္ကသိုလ်များရှိ ပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများ ဝန်ထမ်းများ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှုကြောင့် ပထမဆုံးအကြိမ် ကျင်းပသော မြန်မာနိုင်ငံတက္ကသိုလ်များ သုတေသနညီလာခံ(၂၀၁၉)ကို အခက်အခဲများကြားမှ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ ညီလာခံ၏ အားနည်းချက်များကို ပြုပြင်၍လည်းကောင်း၊ တက္ကသိုလ်များမှ အကြံပြုချက်များကို အခြေခံ၍လည်းကောင်း ၂၀၂၀ ခုနှစ်၊ မြန်မာနိုင်ငံတက္ကသိုလ်များ သုတေသနညီလာခံကို ယခုထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားပါ မည်။